ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်
ကော်သူးလေ
www.knuhq.org

ရက်စွဲ၊ ဧပြီလ (၂) ရက်၊ ၂၀၂၁ခုနှစ်

## တပ်မတော်မှ အပြစ်မဲ့ပြည်သူများအား လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်နေမှုနှင့် ပတ်သက်၍ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ သဘောထားထုတ်ပြန်ကြေငြာချက်

၁။ ၂၀၂၁ ခုနှစ် မတ်လ (၂၇) မှ စတင်၍ (၃၁) ရက် အထိ၊ တပ်မတော်၏ အာဏာသိမ်းစစ်အုပ်စုမှ သာလွန်အင်အားအသုံးပြုကာ လေတပ်၏ ဂျက်တိုက်လေယာဉ်များသည် မူတြော် (ဖါးပွန်)ခရိုင်၊ ညောင်လေးပင်ခရိုင်များရှိ ပြည်သူလူထုတို့၏ နေထိုင်ရာကျေးရွာများတို့အား ပစ်မှတ်ထားပြီး ဗုံးကြဲတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သည့် လုပ်ရပ်များအား ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးမှ ပြင်းထန်စွာ ကန့်ကွက်ပါသည်။

၂။ အဆိုပါ လူသားမဆန်စွာဖြင့် အရပ်သားများအပေါ်ပြုလုပ်ခဲ့သော လုပ်ရပ်များကြောင့် လူမမယ် ကလေးငယ်၊ ကျောင်းသားများအပါအဝင် လူပေါင်းများစွာအား သေဆုံးစေခဲ့ပြီး စာသင်ကျောင်း၊ လူနေအိမ်များ၊ ကျေးရွာများအား ပျက်စီးစေကာ ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေများအား ပြောင်ပြောင်တင်းတင်းချိုးဖောက်မှုဖြစ်သည့် အကြမ်းဖက်လုပ်ရပ်ဖြစ်ပါသည်။

၃။ လေကြောင်းဖြင့် တိုက်ခိုက်မှုကြောင့် အရပ်သား (၁၂,၀၀၀) ကျော်သည် ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးမှု အသစ် အဖြစ် လူသားခြင်း စာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းကို ဖန်တီး ဖြစ်ပေါ်စေပါသည်။

၄။ တပ်မတော်၏ အာဏာသိမ်းစစ်အုပ်စုသည် ဤသို့သောလုပ်ရပ်များဖြင့် ပြည်တွင်းစစ်အား ပိုမိုနက်ရှိုင်း ကျယ်ပြန့်စွာ ဖြစ်ပေါ်ရေးသို့ တွန်းပို့နေပြီး နိုင်ငံ၏ စည်းလုံးညီညွတ်ရေး၊ တည်ငြိမ်ရေးနှင့် လွတ်လပ်ရေးစသည့် အလုံးစုံ ပျက်သုန်းရေးသို့ ဦးတည်နေပါသည်။

၅။ လက်နက်မဲ့အရပ်သားများအပေါ် ဤသို့ အကြမ်းဖက်မှုဖြစ်သည့် လုပ်ရပ်များ ပြုလုပ်နေသည့် တပ်မတော်အား ဖျက်အားပြင်းလက်နက်ကြီး၊လက်နက်ငယ်များ၊ လူသတ်နည်းပညာများ၊ ဂျက်တိုက်လေယာဉ်များတို့ကို ရောင်းချခြင်းအား နိုင်ငံတကာမှ ပိတ်ဆို့ပေးရန် မေတ္တာရပ်ခံပါသည်။

၆။ ယဉ်ကျေးသည့် လူမှုအဖွဲ့အစည်းဖြစ်ပေါ်ရေးကို ဆန့်ကျင်ဖျက်ဆီးနေသည့် အာဏာသိမ်းစစ်အုပ်စုအပေါ် တိုင်းရင်းသားပြည်သူလူထုတရပ်လုံးနှင့် နိုင်ငံတကာမှ ပြင်းပြင်းထန်ထန်ဆန့်ကျင်ပြီး ပိတ်ဆို့အရေးယူမှု မျိုးစုံ ပြုလုပ်ကြရန် တောင်းဆိုအပ်ပါသည်။

ဗဟိုအလုပ်မှုဆောင်ကော်မတီ
ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး

ဆက်သွယ်ရန် - (၁) ပဒိုစောကွယ်ထူးဝင်း (+ ၉၅ ၉၄၂ ၂၁၉ ၁၉၄၁) (+၆၆ ၈၁၈ ၀၇၆၂၇၉)
(၂) ပဒိုစောတာဒိုမူး (+ ၉၅ ၉၇၉ ၅၈၈ ၇၀၈၅) (+၆၆ ၆၄၆ ၄၅၉ ၁၁၃)

**Karen National Union**
**Supreme Headquarters**
**Kawthoolei**
www.knuhq.org

2 April 2021

**KNU Statement On Airstrikes Against Unarmed Civilians**

The KNU strongly condemns the actions of Myanmar Tatmadaw which has used excessive force by engaging in non-stop bombing and airstrikes against villages resided by unarmed civilians in Mutraw District and Kler Lwee Htoo District between March 27 and March 30, 2021.

These inhuman actions against unarmed civilians have caused the death of many people including children and students and the destruction of schools, residential homes, and villages. These terrorist acts are clearly a flagrant violation of local and international laws.

The airstrikes have also led to the further displacement of more than 12,000 people who have fled their villages and caused a major humanitarian crisis.

The Myanmar coup's actions have further escalated the existing civil war in the country and destroyed the prospect for the country's unity, national reconciliation, stability, and freedom of movement and expression.

We urge that international communities block the sale of all explosive weaponry large and small, any advanced technology used for propagating war and jet fighters to the Tatmadaw who has engaged in terrorist actions against unarmed civilians.

We urge the Burma/Myanmar public of all ethnic nationalities and international communities to take all kinds of strong and effective actions and sanctions against the military coup, which has continuously destroyed the emergence of a peaceful and respectful civic community in the country.

Central Executive Committee
Karen National Union

(1) Padoh Saw Kwe Htoo Win (+95 942 219 1941) (+66 818 076 279)
(2) Padoh Saw Tah Doh Moo (+95 979 588 7085) (+66 646 459 113)